
# တေဇ ရုပ်စုံ







ဇါတ်တော်ကြီး
၃
ပန်းချီ-ဦးဘကြည်
တနေ့သော် ဘုရင်ကြီးသည် စဉ်းစားမိ၏။
ဒီ မဟော် ဆိုတဲ့ သူငယ် အကြောင်း ကြားနေရတာ ကျေနပ် စရာဘဲ။ ဒါပေမယ့် သေချာအောင် - ငါကိုယ်တိုင် ဉာဏ်စမ်း အုံးမှ တော်ရွေမည်....
လက်သမား ဆရာကြီးကို ခေါ်၍ အမိန့်တော် တခုကို တိုးတိုး ချမှတ်တော်မူလေသည်၊
တထွာ ခန့်ရှိ ရှားသား အနှစ်ကို တုတ်လုံး တိုတို ချောချော ဖြစ်အောင် ပွတ်ခဲ့ပြီးအမြန် ဆက်သော့
နောက်တနေ့ အရှေ့ကုန်း ရွာတွင်...
ဘုရင့် အမိန့်တော်ပါသည်။ နားခံကြလော့။ .......... ပစ္စုပ္ပန်တော် မူလိုက်သော တုတ်တိုကို - အရင်းအဖျား ဟု ခွဲခြား မှတ်သား၍ဖြန် ပို့ရမည်။ မဖြေနိုင်က ဒဏ်ဆောင်ရမည်... ဘုရင့် အမိန့်တော်...
ရွာသားတို့သည် မဟော်လေးအား ပြောပြလေလျှင် မဟော်လေးက တုတ်အလယ် တည့်တည့်တွင် ကြိုးချည်၍ ရေအင်တုံဝယ် အသာ ချပြီး ......
ဒီဘက်က အရင်း ဟု မှတ်သား၍ ဖြန့်ပို့ကြလော့။
ဉာဏ်စမ်း ပြဿနာ ကို ဖြေရှင်းပေး၏။
အမယ်...... တယ်တော်တဲ့ သူငယ်ဘဲ...... ဟိမ်း — ဒေါ်းထဲ ခက်ခဲဆန်းဆန်း တခု လောက်တော့ ဉာဏ်စမ်း မေး အုံးမှတော်မည်။
ဘုရင်ကြီးသည် လွန်စွာ အားရတော်မူ၏။
တကောင် ကို ... အဖြစ်ဆက် သရမည်။
မဆက်သနိုင်က-ထောင်.....


အရှေ့ကုန်းဘွာသို့ ထိုပြဿနာရောက်လာသော် မဟော်လေး၏ အကြံပေးချက်အရ ကြက်ဖတကောင်ကို မင်းကြီးအားဆက်၏။
ဒီလို ဆက်သနိုင်တာ - ဘယ်သူ့ ဉာဏ်လဲ - တင်စမ်း
မဟောသဓ ဉာဏ်ဖြစ် ကြောင်းပါ ဘုရား
အင်း... တကယ်တော်တဲ့ သူငယ်ပေဘဲ...
နောက်တဖန် မဟော်လေးကို ဉာဏ်စမ်းရန် အကြံတခု ပေါ်ပြန်လေသည်။
ကျွန်ုပ်နန်းစဉ် ပတ္တမြား ကား - အကောက်ရှစ်ခုရှိသော အပေါက်ပါ၍ ကြိုးဟောင်း ဆွေးဖြတ်နေ၍ - မည်သူမျှ ကြိုးသစ် မတတ်နိုင်တာ - ကြာချေပြီ။ ကြိုးသစ် တတ်ပေးရန် အရှေ့ကုန်းဘွာသို့ ပို့ရလျှင်ကောင်းမည် --- -----
နောက်တနေ့တွင် အရှေ့ကုန်းဘွာ၌ မဟော်လေး အလုပ်ရှုပ်နေတော့၏။
ပထမ - အပေါက်နှစ်ခုထဲ ပျားရည်စက်ချမှ - ကြိုးဟောင်း - ပျားရည်ဝမည်။
ဒုတိယ - ကြိုးသစ်ထိပ်များကို - ပျားရည်ဆွတ်၍ အပေါက်ရှိသလောက်သွင်း ထားရမည်။
ထို့နောက် ကြိုးသစ်မသွင်းသောဘက်ကို ပုရွက်ဆိပ် တွင်းဝနား သွားထားရာ
ပုရွက်ဆိပ်လေးများသည် အပေါက်မှ ပထမဝင်၍ ပျားရည်ဝနေသောကြိုးဟောင်းကို ကိုက်ဖြတ်စားသောက်ပြီးနောက်
ကြိုးသစ်ကို ချီဆွဲသွားကြလေသည်။
ပတ္တမြားကြိုးသစ်တပ် ပြီးပြန်ဆက်လိုက်လျှင်
အားရတော်မူလိုက်ပါဘိ။ ကော် မူ၍ ဒီသူငယ်ဟာ အရွယ်ရောက်လာရင် - မဟာ ပညာကျော်ဖြစ်လာရမည် ထင်သည်။


များမကြာမီ မပေါ်လေး၏ သတ္တိနှင့်ဟာသကို စမ်းလို၍ ဘုရင်ကြီးသည် မင်္ဂလာနွားလား ဥသဘကို ပဲအမြောက် အမြားကျွေးစေလျက် ဗိုက်ဖေါင်းနေမှ နှုတ်လှုးစေပြီးလျှင်
ကဲ – ဖိုးခေသယ်နဲ့ တော့ – တော် တော်တချသွားပြီ။ အရှေ့ကုန်းရွာကို သွားပို့။ (၏ကိုယ်တော်၏ မင်္ဂလာ နွားလား ဥသဘ သည် ဧည်းအရင့်အမာ ရှိနေပြီဖြစ်၍ သားကျဲ ဆောင်လုပ်ပြီး–နွားပေါက်ကလေးနှင့် တကွ လာဆက်သစေ...) လို့ အမိန့်တော်ပြန်လေ–
အရှေ့ကုန်းရွာသို့ အမိန့်တော် ချမှတ်သော်
ခုကွပါဘဲ၊ နို့ရှာကိုဘဲ – ဘာလို့ မြေချိုင်းနေလဲမသိဘူး
မပေါ်လေး ဉာဏ်ပညာကို စိတ်ဝင်စား တော်မူလို့ ဖြစ်မှာပေါ့
ခုဟာက – မဖြစ်နိုင် တာကြီး
ပညာစမ်းတာပါ။ တကယ် အပြစ်မပေးပါဘူး ကွာ
မပေါ်သည် မြောရဲဆိုရဲနှင့် သတ္တိကောင်းသော ရွာသား တယောက်ကို ရွေး၍သင်ပေး၏။
x x x x x x x x x x x x x x x x x x x x x x x x x
အေး
အေး
ရပါတယ်
အေး
အေး
ရက်တရက် မပြေသေးဘဲ ထားသဖြင့် ဘုရင်ကြီးသည် ခုနစ်ရက် မြောက်သော နေ့၌ အမျှော်ကြီး မျှော်လင့်နေစဉ်
ဟဲ့ – ဟဲ့ – ဘာဖြစ်တာလဲ ဟ
အမယ်– ညှင်း ဖါးလျားကြီး နဲ့ပါလား
ဟဲ့
ရင်ပတ် စည်တီး ငိုကြီး ချက်မနဲ့ ဟဲ့
မေးလို့လဲ မရဘူး
နန်းတော်တွင်းကို ဘုတင်းမြေးဝင် သွားလေရဲ့
တံခါးမှူးကိုတောင် တွန်းပစ်ခဲ့တယ်
ဓမ္မတော်ကို လာခွင့် ပေးလိုက်။ ကိစ္စမရှိဘူး
ဘာဖြစ်လို့လဲ
ထိုအခါ –
မောင်မင်း ဘာဖြစ်လာ တာလဲ
ကယ်တော်မူပါဘုရား – ကယ်တော်မူပါ။ ကျေးတော်မျိုး ကျွန်တော်မျိုး၏ ဖခင်ကြီးမှာ –ရှုတ်–ရှုတ်– ကိုယ်ဝန် အရင့်အမာ ရှိပြီး – ခုနစ်ရက်တိုင်တိုင် ရှိပါပြီ ဘုရား – ရှုတ်ရှုတ် – မီးမဖွားနိုင်ဘဲ – ဝေဒနာကြီးစွာ ခံစားနေရပါသောကြောင့် – ရှုတ်ရှုတ် – မွေးဖွားပေး တော်မူပါဘုရား – ရှုတ်ရှုတ် –––– ရှုတ်ရှုတ်..
သယ်.... တောက်တီး တောက်တက်
ယောကျ်ားဆိုတာ သားမွေးဖူးမှ မရှိဘဲဟဲ့ ငပိုက်သားရဲ့ ––– မောင်မင်း ရူးများ နေတော့သလား –– ဟေ


--- မှန်လှပါဘုရား ---လူ့ယောက်ျားများ သားမွေးရိုးမရှိလျှင် -ကျွန်တော်မျိုးများ အရှေ့ကျွန်းရွာသို့ရောက်ရှိနေသော--- မင်္ဂလာ နွားလားဥသဘ သည်လည်း- -ရွတ်ရွတ်- သားမွေးမည်မဟုတ်ကြောင်း -သံတော်ဦး-တင်ပါသည် ဘုရား---။
ဒိဖြိမ်း - ဟားဟား ဟားဟား
အဖြီးသတ်တော့ - မဟော်လေး လှည့်လိုက်တဲ့ လူဘဲကိုး
ဟား ဟားဟားဟား
ဟား ဟားဟား
တနေ့တွင် အဆောင်တော် အတွင်းဝယ် ဘုရင်ကြီးသည် တွေးတောနေပြန်၏။
ဒီ မဟောသဓ ဆိုတဲ့ သူငယ်ဟာ-လည်ခွဲ-မြည်းလုံး -ပေးကျွ-စတဲ့ ပြဿနာ-၅-မျိုးကို ဖြေလည်အောင် ဆောင်ရွက်တတ်တယ်။ ငါ မေးစမ်းတဲ့ နွားသား တုတ်-ကြက်ဖ-ပတ္တမြား-မင်္ဂလာနွား-စတဲ့ ပြဿနာ-၁၀-မျိုးကိုလဲ ကောင်းကောင်း ဖြေဆိုနိုင်စွမ်း ရှိတယ် ------
-- ဉာဏ်ပညာလဲရှိ၊ ပရိယာယ်လဲရှိ၊ သတ္တိလဲရှိ၊ ဟာသလည်းရှိလေတော့ - ပါရမီရှင် ပညာရှိ ဖြစ်ရမယ်---
--သူများ မဖြေနိုင် -မဖြေနိုင် တာတွေကို တောင် - အရွယ်နဲ့ မလိုက်အောင် ဖြေဆိုနိုင် ပါလျက်နဲ့ -ဒီ ပညာရှိ အမတ်-သိန်း-ဒေဝိန်း ကာဝိန်း-ပုက္ကုသ တို့က- ဘာလို့များ - ကါဆီ - ကါဆီး - လုပ်နေကြ ပါလိမ့်--------!! အကြောင်းရှိလို့မည်။ ငါက -ဘုရင်ဘဲ၊ ဒီတော့---- ------
[ငါကိုယ်တော်တိုင် သွားခေါ်မည်] ဟု ဆို၍ မဟောသဓ တို့နေသော အရှေ့ကျွန်းရွာသို့ နောက်ပါများနှင့် ကြွလေ၏။

ဆက်ရန်



## လိမ္မာယဉ်ကျေး သားရွှေသွေး

မီးပုံးကလေးတွေ အသွယ်သွယ်
စီတန်းလိုက် နီရဲကြက်ကွယ်
ကြယ်ပွင့်တွေလား မီးပုံးလား
မိုးပြာ ဖဲနောက်ခံကား။

မိုးသားမိုးတိမ် ကင်းစင်ချိန်
သီတင်း ဝါကျွတ်ချိန်
ထိန်ထိန်သာတဲ့ ဖိုးရွှေလ
ပြည့်ပြည့် ဖြိုး ဖြိုး ဝ။

ဝဝ ပြောင်ပြောင် ဖိုးလရောင်
ရွာထဲ သွားရအောင်
ဆီမီးတထောင် ပူဇော်ထွန်း
ဝင်လို့ ကြည့်ပါဦး။

ခါးကုန်းကုန်းနဲ့ ဖြူးချိုချို
အဘိုး အဘွားအို
တရိုတသေ ကန်တော့ကြ
ကုသိုလ် များများရ။

မိဘ ဆရာ ကန်တော့ပါ
ဒါမှ လူလိမ္မာ
လိမ္မာယဉ်ကျေး သားရွှေသွေး
လမင်း လူကလေး။

ပွဲဈေးတန်းကို သွားစို့ကွယ်
ရုပ်သေး ကြည့်ကြမယ်
တိုင်းပြည်တည်လို့ ဝန်တွေထွက်
ငိုက်လို့ မျက်တောင်ရှက်။

ညဉ့်နက်ချိန်တွင် ဖိုးကောင်းကင်
မီးပုံးပျံတွေ မြင့်
အိပ်ချင်ပြီဘဲ တို့အများ
ဝေဟုန် စီးလို့သွား။

ထင်ဖြိုး


ပုံပြင်တကာ့ ပုံပြင်
အလွန်ဆာလောင်သော
ကျီးကန်းတကောင်သည်
ခရုလုံးတခုကိုတွေ့ရှိလေသည်။
!
ထိုခဏ-တောကျီးကန်းကြီး
တကောင်ရောက်လာကာ
သူ့အားအကြံပေးသည်။
မင်း-ဒီခရု
လုံးကြီးကိုစားဖို့
ခက်နေသလား
လွယ်ပါတယ်ကွာ-
ဒီခရုလုံးကြီးကို
အမြင့်ကိုကိုက်
ချီသွား-
ကျောက်ပြားပေါ်ကို
ပစ်ချလိုက်-ခရုလုံးကြီး
ကွဲသွားတာနဲ့-အသင့်
စားလိုက်ရုံပေါ့
ဟုတ်သားဘဲ..
ခင်ဗျားအကြံဥာဏ်
မဆိုးဘူး


ကျီးသည်-ခရုလုံးကိုကိုက်ချီ၍ သွားရင်း-စဉ်းစားမိသည်။
တောကျီးကန်းရဲ့ အကြံဉာဏ်ဟာ မုံ့ပြင်းတခုထဲက လိုဘဲ
ငါ ခရုလုံးကြီးကို ကျောက်ပြားပေါ်ပစ်ချ လိုက်ရင် ကွဲသွားတာနဲ့
သူက အသင့် စောင့်နေပြီး စားပစ်လိုက်မှာ
တောကျီးကန်းသည်လည်း သူ့အကြံအတိုင်းအောက်မှ စောင့်စားနေစဉ်...
ဟော ကျလာပြီ
ကျလာသောအရာကား.. ခလုံးကြီး—— သူ့ခေါင်းပေါ် တည့်တည့်-ထိမှန်လေပြီ——။
မကြာမီပင် ခရုလုံးကြီး ကျလာကာ..
ကျောက်ပြားထက်ဝယ်ကွဲသွားသည်နှင့် ရွှေကျီးသည်နှစ်ခြိုက်စွာစားလေသတည်း။



# ထုံနှောင်တာ

တနေ့သောခါ တောထဲမှာ
တောဆိတ်တကောင် နေထိုင်ရာ
‘ဖမ်းဟော် ဆီးဟော’ ဥလကြမ်း
တောမုဆိုးများ လိုက်လံဖမ်း။

တောဆိတ်ခမျာ ကြောက်လန့်စွာ
အားကုန်ပြေး၍ လွတ်လမ်းရှာ
ချုံဖုတ်ထဲမှာ သူဝင်ပုန်း
မုဆိုးရန်မှ အလွတ်ရုန်း။

သူဝင်ပုန်းရာ ချုံဖုတ်မှာ
သစ်ရွက်နုများ ဝေဝေဆာ
ဝေဝေဆာတဲ့ သစ်ရွက်များ
တောဆိတ်ငယ်ကို ဖုံးကွယ်ထား။

မုဆိုးများမှာ ထိုအခါ
တောဆိတ်ငယ်ကို ရှာဖွေရာ
မမြင်ပါလို့ ချုံအနား
ပွတ်ကာသီကာ ဖြတ်ကျော်သွား။

ထိုအခါတွင် တောဆိတ်လျှင်
မုဆိုးရန်က လွတ်ပြီထင်
မဆင်မခြင် ဆွတ်ချေစား
ကိုးကွယ်နေတဲ့ သစ်ရွက်များ။

မုဆိုးများလျှင် ထိုချိန်တွင်
တပတ်လှည့်၍ ပြန်လာစဉ်
ဆိတ်ကိုမြင်လို့ မလွတ်တမ်း
အလွယ်တကူ လက်ရဖမ်း။

စင်စစ်မှာကွယ် သစ်ရွက်ငယ်
ဆိတ်ကိုဖုံးလို့ ကွယ်ကာကယ်
ကွယ်ကာသူကို သူဖျက်ဆီး
နောက်ဆုံးမှာတော့ သူပျက်စီး။

တောဆိတ်ငယ်မှာ ညှိုးငယ်စွာ
မုဆိုးလက်မှာ အော်မြည်ရှာ
အော်မြည်ရာမှ နောင်တရ
ပြင်မရတဲ့ ထိုနောင်တ။ ။



ခင်းယုစ၀

# တေဇ ကဗျာ



## ဝါကျွတ်ပွဲ

မီးပုံးရောင်စုံ လဲ့လဲ့ရွှန်းလို့
ဆီမီးထွန်းကြ သည့်ချိန်ခါ။
ကောင်းကင်ယံမှာ ဖိုးလမင်းက
ဝင်းဝင်းပပ ထိန်ထိန်သာ။
မိဘဆရာ ရွယ်အိုများကို
ရိုသေဝပ်တွား ပူဇော်ကာ။
ကြာဖြူကြာနီ ကြာညိုပန်းတို့
သင်းပျံ့လန်းဆန်း ဝါကျွတ်ခါ။
နှံ့မှာ နှံ့မှာ။

တက္ကသိုလ်-ဆန်းတင့်နိုင်

## စာကြည့်တိုက်

လွယ်အိတ်ထဲမှာ စုံလင်စွာ
တေဇ ရွေးသွေး စာစောင်ပါ။
ပညာသင်ရာ အမြဲလိုက်
ညီထွေး ပခုံးသွဲ။
အားလပ်ခိုက်တွင် ဖတ်ရှုပျော်
တယောက် တလက်နော်။
နောင်ရှည်မြော်လို့ လေ့လာပွား
ဉာဏ်သစ် လောင်းစို့လား။

ပန်းတနော်-မမောင်စန်ကြည်



## တို့မိတ်ဆွေ

လူသားတိုင်းတွက် တာဝန်ကျေ
အကျိုးပြုကာနေ။
တို့တတွေရဲ့ ဘဝလမ်း
အမှောင်ခွင်းလို့ လင်းရောင်ဖြန်း။
ဆင်းရဲချမ်းသာ မခွဲပါ
မိတ်ဆွေစစ် ပီစွာ။
သစ္စာတရား လက်ကိုင်ထား
စာအုပ် စာပေများ။

ဘော်ဘော် (သန္တာ)



## ကျွတ်သီတင်း

ငါးမည်ရွှေကြာ ထုံပျံ့သင်း
ဝါလ လွတ်ကင်း ကျွတ်သီတင်း။
မိုးပြည်တွင်းမှာ ဝေဝေဖြာ
မီးထွန်းပွဲတော် နွဲပျော်ကာ။
မြန်မာ့လယ်ယာ အားသစ်မျိုး
ပလ္လင်ဆောင်းမိုး ရွာသွန်းဖြိုး။
ရှေးရိုးစဉ်လာ ထာဝရ
ဆရာ့ မိဘ ပူဇော်ကြ။

[illegible]က်ပံ့နို




ဘကြီးတွင်း
ပါရဂူ
ကိုယ်စားလိုက်တဲ့ဟင်းလျာနဲ့ရော
သား စတဲ့ အမယ်
စက်ထဲမှာထည့်
စက်ခလုတ်ကို နှိပ်...
ခဏအကြာတွင် ချက်ပြီးကြက်သားဟင်း တခွက်ထွက်ကျလာ တော့သည်။
အရသာရှိပါလေ့ — ဟင်းချက်စက်ကြီးက တယ် ဟုတ်ပါလား
ကဲ ဒါမြင့် သွေးမယ်
တချိန်
ကိုယ်တိုင် စက်ခိုင်းပြီးဟင်း ချက်ကြည့်စမ်းတယ်.. ပေါ့ရွတ် နေတာ့ဘဲ။အလကား စက်
ဟင်းအမယ်တွေ စက်ထဲထည့်တုန်းက ဆားကော ပါရဲ့လား
ပါနဲ့အုန်း
စက်ကိုချည် အားကိုးနေတာကိုး လူကလဲ ဆားတော့ထည့် ပေးအုံးမှပေါ့ဟဲ့

# တေဇ ရုပ်စုံ သတင်းလွှာ

### ယာဉ်အန္တရာယ်ကာကွယ်

၅-၈-၇၅။ ။၁၉၇၃-ခုနှစ်မှစ၍ ယာဉ်ဥပဒေများကို လူငယ်များ တတ်သိနားလည်ပြီး ပြည်သူလူထုအား တဖက်တလမ်းမှ ကာကွယ်နိုင်ရန်အတွက် လမ်းစဉ်လူငယ် စည်းရုံးရေးဗဟိုကော်မီတီနှင့် ပြည်သူ့ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ လမ်းအန္တရာယ်ကာကွယ်မှု သင်တန်းကို ဖွင့်လှစ်ကာ လက်တွေ့ဆောင်ရွက်စေခဲ့သည်။

### ရွာသန့်ရှင်း

၁၇-၈-၇၅။ ။အင်းပူမြို့နယ်အနောက်ရိုးမ တောင်ခြေရှိ လိပ်ပေါင်ဆွဲရွာတွင် မဲဇလီကုန်းကြက်ခြေနီများနှင့်အတူ လိပ်ပေါင်ဆွဲရွာတဲ့ဘက် အလကနှင့် အမကမှ ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ ကျေးရွာသန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

### လိပ်ပြာငယ်ပုံပြင်

၂၅-၈-၇၅။ ။တောင်ကြီးမြို့ စက်ထွန်းဆေးရုံကြီး လုပ်သားများ ကိုယ်ထူကိုယ်ထမူကြိုကျောင်းတွင် နှစ်ပတ်လည် ကလေးစွမ်းရည်ပြိုင်ပွဲပြုလုပ်ရာ လိပ်ပြာငယ်ပုံပြင်ကဗျာသီဆို ပြိုင်ပွဲဝင်ခဲ့သည်။

### အာဟာရနို့မှုန့်

၂၆-၈-၇၅။ ။ကမ္ဘာ့ကြက်ခြေနီ အဖွဲ့ချုပ်မှ ကလေးသူငယ်များ အာဟာရဓာတ်ဖွံ့ဖြိုးရေးအတွက်လှူဒါန်းလိုက်သည့် နို့မှုန့်များအနက် ထားဝယ်မြို့နယ်အတွက် ပေါင် ၅၀-ကို ကြက်ခြေနီများကတဆင့် ကျောက်မော်ကြီး၊ ဆင်ဆိပ်၊ ဝဲကျွန်း၊ ညောင်ရမ်း၊ ပုံကျွန်း၊ စေတ[illegible] အမက (၅) ကျောင်းသို့ ခွဲဝေလှူဒါန်းပြီးနောက် [illegible] ရပ်ကွက်ပြည်သူ့ကောင်စီလူကြီးများ၊ ကြက်ခြေနီများ မျက်မှောက်တွင် ကျောင်းသား ကျောင်းသူများအား အာဟာရဓာတ်ဖွံ့ဖြိုးရေးအတွက် တိုက်ကျွေးခဲ့သည်။

### နှမ်းရိတ်သိမ်း

၂၀-၈-၇၅။ ။မျော်ဘွယ်မြို့ သာယာကုန်းအသင်း ရန်ပုံငွေအတွက် စိုက်ပျိုးခဲ့သော နှမ်းပင်များကို ကျောင်းသား ကျောင်းသူကလေးများကိုယ်တိုင် ရိတ်သိမ်းခဲ့ကြသည်။

### အကပဒေသာ

၃၁-၈-၇၅။ ။မန္တလေးမြို့အနောက်တောင်မြို့နယ် ပြည်ကြီးမျော်ဘွယ် အမက တွင် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ ကျောင်းသားကျောင်းသူကလေးများက အကပဒေသာများဖြင့် [illegible]ဖျော်ဖြေခဲ့သည်။

### မြေဖို့လုပ်အား

၃၁-၈-၇၅။ ။မန္တလေးမြို့ အနောက်တောင်မြို့နယ် အမက (၄) ကျောင်းဝင်းတွင် ကျောင်းသား ကျောင်းသူများနှင့်အတူ မိဘဆရာများ၊ ရပ်ကွက်ကောင်စီ၊ လမ်းစဉ်လူငယ်၊ ကြက်ခြေနီလူငယ်တို့ စုပေါင်း၍ မြေဖို့လုပ်အားပေးခဲ့ကြသည်။

### ကျန်းမာဖွံ့ဖြိုးရေး

၁-၉-၇၅။ ။အာဟာရဓာတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လတ်ဆတ်သန့်ရှင်း ကျန်းမာရေးနှင့်ပြည့်စုံသော အစာအာဟာရများကို ကလေးသူငယ်များစားသုံးနိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်တွင် ပထမဆုံး စံပြအဖြစ် မြို့နယ်ကလေးသူငယ်ကျန်းမာဖွံ့ဖြိုးရေးကော်မီတီတရပ်ကို ဖွဲ့စည်းကာ မြို့နယ်အတွင်းရှိ မူလတန်းကျောင်း ခုနစ်ကျောင်းမှ ကျောင်းသားကျောင်းသူငယ်ကလေးများအား ကျောင်းအလိုက်ဖွဲ့စည်းထားသော ကျောင်းကျန်းမာရေးအဖွဲ့၏ ဆရာ ဆရာမများက ကြီးကြပ်ကာ စက်တင်ဘာလ ၁-ရက်နေ့မှစပြီး တပတ်လျှင် ပိတ်ရက်တနင်္ဂနွေမှအပ နေ့စဉ်ကျွေးမွေးရန် ဇယားချစီစဉ်ကျွေးမွေးခဲ့သည်။

### ပန်းချီပန်းပုကာတွန်းပြပွဲ

၄-၉-၇၅။ ။မြန်မာနိုင်ငံ ပန်းချီပန်းပုကောင်စီကကြီးမှူး၍ နိုင်ငံလုံးဆိုင်ရာ ပန်းချီပန်းပုနှင့်ကာတွန်းပြပွဲကြီးကို စက်တင်ဘာလ ၂၀-ရက်နေ့မှ အောက်တိုဘာလ ၈-ရက်နေ့အထိ ၂-နေရာခွဲ၍တပြိုင်နက်ကျင်းပရန်စီစဉ်ထား၏။

ပန်းချီပန်းပုပြပွဲကို ရန်ကုန်မြို့ အင်[illegible]ဝင်း ခန်းမတွင် နေ့စဉ် နံနက် ၈-နာရီမှ ည ၈-နာရီအထိလည်းကောင်း၊ ကာတွန်းပြပွဲကို ပန်းချီပန်းပုကောင်စီ ဗဟိုအရောင်းပြခန်း၌ နေ့စဉ် နံနက် ၉ နာရီမှ ည ၆-နာရီအထိလည်းကောင်း ဖွင့်လှစ်ပြသသွားမည်ဟု သိရ၏။

---

### ဝမ်းနည်းခြင်း

ကလေးလူငယ်များ အကျွမ်းတဝင်သိရှိပြီးဖြစ်သော ကာတွန်း ဝင်းမောင် (၃၆) နှစ်သည် ၂၇-၈-၇၅-နေ့ နံနက် ၈-နာရီ ၄၀-မိနစ်အချိန်တွင် မြောက်ဥက္ကလာပ မေယုလမ်း နေအိမ်၌ ကွယ်လွန်ခဲ့သဖြင့် တေဇစာစောင်က အထူးပင် ဝမ်းနည်းပါကြောင်း ဖော်ပြအပ်ပါသည်။


ဇာတ်လမ်း/ လှမြင့်
သာယာလှသောတောညနေချမ်းမှာကိုဖိုးမွှေးဟာကောင်မလေးရှော့ကိုတွေ့လာခဲ့တယ် ---
အဲ - ချုံကွယ်တခုနားလဲရောက်ရော - ပလပ် - ပလပ်ဆိုတဲ့ အသံကြားတာနဲ့ ---
ပလပ် ပလပ်
ဘာသံ ပါလိမ့်
ကြည့်လိုက်တော့ ---
ချုံကွယ်မှာကြက်ဥတွေပေါ်မှာထိုင်နေတဲ့ကြွက်ကလေးဖိုးမောင်ကို တွေ့တာပေါ့ ---
အောင်း
ပလပ် ပလပ်
ဘယ်လို ကြံရပါ!


အာ.. ပလုတ်ပြီ ပလုတ်ပြီ - ပလုတ်ပြီ
ပြီးတော့ -- ကြွက်ကလေး ဖိုးခွေးဆီသွားပြီး
ဟော့ကောင် . ယိုးဒယား သကြား စားချင်လား စားမလား
ဘယ်လို? ယိုးဒယား သကြား ပလုတ်လား စားမယ်ဗျာ စားမယ်
အံမယ်.. ဒီလိုအလကား ဘယ်ရမလဲ ယင်းကြောင်ဥခွဲ့လဲမှ ပေးမှာပေါ့..
ဒီလိုပါ: ရော့ဗျာ ယူဗျာ
ဒါပေမယ့် ကိုဖိုးခွေး အစေးရောက်တော့မှ ကြွက်ကလေး ဖိုးခွေးဟာ အညာခံလိုက်ရမှန်း သိသတဲ့ ---
ဟာင်း: တော်တော်ကောက်ကျစ်တဲ့ ကိုဖိုးခွေး
သဲတွေ လာပေးတယ်
တနေ့ကျရောက်တော့ ကိုဖိုးခွေးဟာ ကြက်ဥတွေကို ဖေါက်ပေါက်တဲ့ပေါ့ - ဒါပေမယ့် အလုံးအဝိုင်းမပျက်ရအောင် အပေါက် သေးသေးလေးဖေါက်ပေါက်တယ်လေ


အဲ့ဒီအချိန်မှာ . ကိုရွှေဝံဟာ ငါးမပ်ကြီး မြှုံလာသတဲ့ လောက်ထိမ်မှာညှပ်ပြီး ပေါက်ရှည်ကြီးဆွဲတင်ထားတဲ့
ငါးကြီးနဲ့ပေါ့ ----
ဒါကိုမြင်တော့ဖိုးခွေးက ငါးကိုလိုချင်ပြန်တာပေါ့ကွယ်,
ဟာလို .. ကိုကြီးရွှေဝံ ငါးများနေယ်မျှာ ဒီလိုသိမ်းမိမ်း ငါးမိမ်းတွေစားမဲ့အစား ပေါဒီလို အသားရွှန်းမလဲနဲ့ ပြည့်စေမဲ့ ကြောက်ဥတွေကို မစားချင်ဘူးလား ခွေးပါး မေ့သွားမယ်နော် ---
နှင်းပုံထဲက ကြောက်ဥစားချင်နေတဲ့, ကိုရွှေဝံဟာ ဂျေ.လေကွာ . လေကွာ ဆိုပြီး ချက်ချင်းနဲ့ကြောက်ဥကိုလဲရိုက်တာပေါ့ ---
ဟိ.ဟိ. ကိုရွှေဝံလည်း အလိမ် ခံပြန်ပြီ ရက်ပြီးသား ပေါ်ခါပြီးသား ကြောက်ဥထဲမှာ အာများ ကျန်တော့မှာလဲလို
ဒီလိုနဲ့ ဆောင်းဥတုကို ပြန်ကာနီးဆိုရောက်လာပါလေရော သိပ်အေးလွန်း ချမ်းလွန်းလို့ ချောင်းထဲမှာရှိတဲ့ ရေတွေတောင် ခဲကျတယ်ဆိုဘဲ ---
ဟိုမှာကိုရွှေဝံနဲ့ ဖိုးခွေး မီးလှုံနေပါလား


အံမယ် . အံမယ် . မင်းတို့
ဟိုက်
ဟဲ . ဟဲ .. လာလာ

# ထူးထူးခြားခြား တိရစ္ဆာန် ရှုဆိုးကျော်ကြီးများ

ဓာတ်ပုံရေးဆွဲသူ



တောဘုရင်ခြင်္သေ့၏ကြောက် မက်ဖွယ် ဟိန်းဟောက်သံကြောင့် ကြောက်လန့်တကြားထွက်ပြေးလာ သည့် သားကောင်တို့ကိုအခြား ခြင်္သေ့တို့က စောင့်ဆိုင်းကာ ချုံခိုဖမ်းဆီးတတ်လေ သည်။

ဇီးကွက်၏အမွေးမှာ အလွန်နူးညံ့လှ၍ ၎င်း၏ အတောင်ပံလှုပ်ရှားသံကို ရုတ်တရက် မကြားနိုင်ပေ၊ ထို့ကြောင့် သားကောင် ငယ်တို့မှာ ဇီးကွက်၏ ရုတ်တရက် ဆိုး သုတ်ခြင်းကို ခံကြရလေသည်။





ရေသတ္တဝါတို့တွင် သန်မာလှ သော နှာမောင်း ရှစ်ချောင်းပါရှိပြီး ၎င်း၏သားကောင်တို့ကို ထိုနှာမောင်း တို့ဖြင့် ရစ်ပတ်ဖမ်းဆီးကာ ကြောက် မက်ဖွယ်ရွှေ့ ရုတ်သိမ်းနိုင်သည့် ၎င်း၏ ပါးစပ် အတွင်းသို့ အတင်းဆွဲဝင်တတ် လေသည်။

စွန်ငှက်နှင့် သိမ်းငှက်တို့တွင် အလွန်စူးရှသောမျက်လုံးများရှိကြ ပြီး ကောင်းကင်အမြင့်တွင်ပျံဝဲ နေရာမှ အောက်မြေပြင်ရှိ အစာကို ထူးခြားစွာမြင်နိုင်ကြကာ ရှောင်တခင် ထိုးသုတ်သွားတတ် ကြလေသည်။





တရန်တိုပင့်ကူခေါ် ကျားပင့်ကူသည် မိုးမျှား၊ သေး ငယ်သည့်ကိရဂျွန်ငယ်များနှင့် ငှက်ငယ်လေးများကို ချောင်းမြောင်း၍ ခုန်အုပ်ဖမ်းဆီးတတ်လေသည်။





လီမာမျောက်တို့သည် နေ့ဘက်တွင်ထွက် လေ့မရှိကြဘဲ ညဘက်ရောက်သောအခါမှသာ အစာဖြစ်သည့် ကြွက်ငှက်၊ ဖါး၊ ပုတ်သင်၊ ပင့်ကူ နှင့် ငှက်ဥ တို့ကိုရှာဖွေ တတ်လေသည်။



ကိုမိုဒိုကျွန်းတွင်ရှိသော ကိုမိုဒိုနဂါးဟုအမည်ရှိသည့် ဖွတ်ကြီးများသည် သားကောင် ငယ်ကလေးများကို ရှာဖွေဖမ်းဆီး ကာမြွေကဲ့သို့ တကောင်လုံးကိုမျိုချ တတ်လေသည်။


ဒေါင်မြင့်
လူဝံ နဲ့ မျောက်ငယ်
ဟေ့ - မျောက်ငယ် လမ်းလျှောက်မလိုလား ငါလဲလိုက်မယ်-
လိုက်ခဲ့လေ
မင်းနဲ့ယှဉ်ကျ - ငါလိုသားနားတဲ့ အဝတ်ဝတ်ခြင်းပဲ - တခါထဲ ရုပ်ပြတ်နေတာပဲ---
ဟောဒီ မင်းရဲ့ခေါင်းထဲမှာလဲ - အသိဉာဏ်က ငါလောက်တောင် မရှိဘူး - ဒီတော့ - ငါကို မင်းရဲ့ဆရာ အဖြစ်တောင် - - ကိုးကွယ်ထိုက်တယ် - ဟုတ်ဘူးလား
ဂေါက်
ကိုကြီးလူဝံ ပြောသလို ကျနော့်ထက် အစစ အရာရာမှာ - သာတာ မှန်ပါတယ် - ဒါပေမယ့် ကျနော့်ဆရာတော့ မဖြစ်နိုင်ဘူး ခင်ဗျ -
ဘာကွ ဆရာ ဖြစ်သင့်တယ်ဆိုတာ - လက်တွေ့ ပြရသေးတာပေါ့--- ဟင်း - ဟင်း
ခင် - ခင်ဗျား လွန်မယ်နော်


တောင်မေမယ်လေး
ကာယ်ကြမ်းပါအုံး ၄
သေပေတော့
ကောင်ကြောင်းတခုတွင်- နွယ်ကြိုးကို လွှဲ၍ မျောက်မယ်ကျေးသွားသော်
အမေမယ်ပေ
ဉာဏ်မရှိတဲ့ကောင်- ဒီကြိုးကို ပြန်ဆွဲလိုက်တော့ ငါလဲ ဆွဲပြီး ကူးနိုင်တာပေါ့-ဟ
လျှပ်စီးအလေးချိန်ကြောင့် နွယ်ကြိုးပြတ်ကျသွားသော်
ဖဲ့-ဖဲ့
ကိုယ့်သက်သေးငယ်နိမ့်ကျ အနောက်လဲ ကိုယ့်ထက်သာတဲ့ အချက်တော့ ရှိပါသေးတယ်ဆိုတာ မြဲမြဲ မှတ်ထားပါ ကိုကြီးလျှပ်ရဲ့ - - ဟား ဟား


လောကဓါတ်ဆရာ ဘဘကြီး ဦးပေသီး ရှိမှရှိပါ့မလား ရှိရင် ငါလိုတာတောင်းရမယ်

ဇာတ်လမ်း

# ထူးဆန်းသော ခဲတံ


ဘဘကြီး ကျနော် လူတွေကို ကူညီချင်လို့ ထူးဆန်းတဲ့ ခဲတံ တချောင်း လုပ်ပေးပါခင်ဗျာ


ဟ. လူတွေကူညီချင်တာ ခဲတံနဲ့ဘာဆိုင်သလဲ. အဲဒါ ပြောစမ်းပါဦး
ဒီလိုလေ ဘဘကြီးရဲ့


အဲဒီခဲတံနဲ့ ပန်းသီးတစ်ခုခု
ဆွဲရော့ - ကုလားထိုင်ပုံဆွဲ
ပါတော့ - ပေါ်လာတဲ့ အဆိုင်းပုံ -
ကနေ တကယ့်ကုလားထိုင်
ဖြစ်သွားရော..
ဒီတော့ ကုလားထိုင် လိုချင်တဲ့လူကို ပေးလိုက်ရင် ကူညီတာပဲ မဟုတ်လား ဘဘကြီး
နောက်နေ့လာယူရန် ဦးပေသီးက ချိန်းလိုက်သည်။
နက်ဖြန်
ခဲတံရရင် ဘယ်သူ့ကို အရင်ဆုံး ကူညီရမလဲ
ထိုစဉ် အိမ်ရှေ့မှ စကားပြောနေသော အိမ်သားများ အသံကို ကြားရသည်။
မိုးအေးပါဘိ ခြုံတာလေး တထည်ဝယ် ရရင်ကောင်းမယ်
ငါလဲ လည်ပတ် ဆောင်ကလေး တခုလောက်
ဟီး ပါလက် လောက်ပဲတော့ ဝယ်မှာ
ဖိနပ်တရံတော့ မဝယ်ရင် မဖြစ်ဘူး
တပြိုင်ထဲ ဝယ်ဘို့ငွေ မလောက်ဘူးလေ...
ပျိုးပျိုး အသံ
ဘိုးဘိုး အသံ
မေမေ့ အသံ
ဖေဖေ အသံ


ဦးအိမ်ငါ့အသက် အကြီးဆုံးကွ ငါ အရင်ဝယ်ဘို့ကို ဦးစားပေးရမယ်
ခု ရှိတဲ့ ဖိနပ်က စုတ် နေပြီ ရုံးတက်ရင် စီးလို့ ရှုကြည့်မကောင်းတော့ဘူး
ဈေးသွား ရင်ထီးမပါလို့ မဖြစ်ဖူး ဒီတော့...
ငါ့ အိမ်သားတွေ ကို အရင်ကူညီရမယ်
ကဲ ဆရာပေ့ ဒီတချောင်းဘိကွ ဈောက် ထပ်ဆဲရတော့ဘူး ကြားလား အတာ...
အိမ်ရောက်သည်နှင့် ဖွါးဖွါးအတွက် ဆွယ်တာကို ရေးဆွဲတော့သည်။
ဆွဲပြီးသော် အခါ စာရွက် ကလေးသည် လှုပ်ရှားလာ ပြီးနောက်...
အတာဆွဲထားသော ဆွယ်တာပုံ သည်တကယ့်ဆွယ်တာဖြစ်သွား လေသည်။



အတာသည်ထိုဆွယ်တာကို အိတ်တခု
တွင်ထည့်ကာ အိတ်ပေါ်တွင် ဖိုးဖိုး
အတွက်ဟုစာတမ်းထိုးလိုက်သည်။
ထို့နောက်၊ ဖိုးဖိုး
အတွက် လည်ပတ်
စောင်တခုဆွဲပြန်
လေသည်။
ဆွဲပြီးသည်နှင့် အတာ ဆွဲ
ထားသော လည်ပတ်စောင်
သည် လည်ပတ်စောင် အ
စစ်ဖြစ်သွားသည်။ ၎င်းကို
အိတ်တွင်ထည့်လိုက်ပြန်သည်။
မေမေအတွက် ထီးပုံ
ကို လှပအောင် ဆွဲ
ပြန်သည်။
အတာဆွဲသော ပုံမှ
ထီးတလက်အသွင်
သို့ကူးပြောင်းသွား
သည်။
ထိုထီးကို စက္ကူကြီးနှင့် ထုပ်ပြီး မေမေ
အတွက်ဟု စာရေးထားလိုက်သည်။
ဖေဖေ့ အတွက်လည်း ရှူး
ဆန်းသော ခိတ်နှင့် ပုံဆွဲ၍
ဖိနပ်တရံ ဖန်တီး ကာ အိတ်
၌ထည့်၍ စာရေးထားသည်
အားလုံး အတွက်လို
သောပစ္စည်းများ
ပြည့်စုံသွားလေပြီ။
အမလေး
ပုံဆွဲလိုက်ရတာ မော
သွားတာဘဲ၊ ခဲတံတောင်
တဝက်ကုန်သွားပြီ


ဟော ဦးကြီး သာကျော် ပါလား
ထိုစဉ် အိမ်ရှေ့မှ ဖေဖေ့အသံကို ကြားရသည်။
နေကောင်းကြရှော် ဒီနေ့ရုံးမတက် ရဘူးလော
စနေ နေ့ကကို လေ ... ဦးကြီး သာကျော်
ထမင်းစားပြီးမှ ပြန်ရ မယ်နော် ခလေးတွေကော ကျောင်းတက်နေပြီလား ဦးကြီး သာကျော်...
ခလေးတွေကတော့ ကျောင်း နေချင်ကြတာပေါ့၊ ဒါပေမယ့် ရွာသင်ကျောင်းမှ မရှိတာဘဲ၊ အခေါက်အခဉ် တခုဖြစ်ဖို့ ကလဲ မလွယ်ဘူး တူမရယ်
ဟုတ်ပြီ၊ ဦးကြီး သာကျော်တို့ ကိုပဲ ကူညီရမယ်
အဲဒါ တမေ ဘာကြောင့်.. ရွာမှာ ရှာပြေပြီကို ခေါ် သွားချင်လို့ပါ ကွဲ့ ....


အာတာ . မင်း ဦးကြီး သာကျော် တို့ရွာကို လိုက်သွားမယ် မဟုတ်လား
ဟုတ်ကဲ့ ဖေဖေ
အခန်းထဲမှာ အိမ်သုံးတွေ အဝတ်အစားလက်ဆောင်တွေထား ခဲ့တယ်၊ ကျွန်နော် သွားတော့ မှ ဖွင့်ကြည့်ကြနော်..
သို့နှင့် ဦးကြီးသာကျော်တို့ ရွာသို့ရောက်သွားသည်။
အာတာ ပါလာတယ်ကွ
ဟေး အာတာ
ဟေ့ ချက်ကြီး.. မင်း အခု ဘယ်နှစ်တန်း ရောက်ပြီလဲ..ကွ
ဒီရွာမှာ စာသင် ကျောင်း မရှိတော့ ကျောင်း တောင် မနေရသေး ပါဘူးကွ
ညနေကျ ရွာအနောက် ကျွန်းတဲမှာ စုနေကြပေ့ ငါလာပြီးတော့ ကျောင်း ဆောက်ပေးမယ်.


ထမင်းစားပြီး လိုက်ခဲ့ပါလား ကျုပ်နော် ချက်ကြီးတို့တွေအတွက် တာသင်ကျောင်းဆောက်ပေးမလို့
အဘကဆယ်ပေးမယ့် ရိုးရာတွေပြော ဘာတဲ့သား
တကယ်ပါ.. ဦးကြီးရဲ့ ဒီလူ့ဆန်းတဲ့ ခံတံနဲ့ ဆောက်ပေးမှာပဲ
အဘက ထူးဆန်းသော ခံတံ၏ အစွမ်းကို ပြောပြလေရာ.
နို့လို့ဆိုရင် သိပ်ကောင်းတာပေါ့
အဘနှင့် ဦးကြီးသာကျော်တို့သည် ဖိုးချက်ကြီးတို့ပေါင်နေရာကွင်းသို့ ထွက်လာကြသည်။
ကျောင်းဆောက်ပေးမယ် ဆိုပြီး လက်သမားလဲမပါ၊ ပျဉ် ခနီတွေလဲ မပါပါလားကွ
ဒီခံတံနဲ့ဆောက် ပေးမှာကွ.. ကဲ..လာ ကွင်းထဲထွက်ကြစို့


ကျောင်းပြန်ရောက်သော် ပါလာသော စာရွက်ကို ဖြန့်ချ၍
ကာ အုတ်ခဲကျိုးတစ်ခုဖြင့် သင်ကျောင်းပုံကို ရေးခဲ့ပေ
မိမိတဲ့ဖြင့် ရေးဆွဲပေသည်။
ရေအိုး စင်ပါ ထဲ့ကွ
ပေဟ
ဟုတ်ပြီ....
ဟေး.


ကျောင်းဝန်းပြေးပါ့မယ်
အဝေး၊ ပျော်စရာဘိ
ဒီရွာက ကလေးတွေ အတွက်ဆိုသင် ကျောင်း ရတာ ခမ်းသား … အလို့ ဟောဗျ
ပြေးကြဟေ့!
ပျက်
စာသင်ကျောင်းသည် ပြိုလဲသွားလေတော့သည်။
အတားမှာဝမ်း လည်းနည်းရှက်လည်းရှက် လူသမြင့်ထိုကြွေးရှာလေတော့သည်
မငိုပါနဲ့ အတားရာ
မင့်စေတနာကို ညီနားလည်ပါတယ် မင်းပုံမဆွဲတတ် သို့ခုလိုဖြစ်ရတာ၊ ပုံဆွဲတတ်အောင် သင်အုံးပေါ့ကွယ်


နောက် နေ့တွင် အတော ရွာမှ ပြန်လာခဲ့တော့သည်။
ညီမသားတွေ ဝေကျ ဒါ့လက်ဆောင် ရလို့ အခေါင်ယမ်း သာ နေကြမှာဘဲ
ကျနော်ထီးခဲ့တဲ့ လက်ဆောင်တွေ ရတယ်နော် ဖိုးဖိုး နဲ့ ဖွါးဖွါး တို့ သဘောကျကြတယ်မဟုတ်လား
တဖက်ကြီး တဖက်သေး နှင့် ဝေါင်းရွဲ့နေသော လည်ပတ်ပေါင်း ကို ဖိုးဖိုးက သဘော မကျ··
လက်တဖက်တို ဖြီး လက်တဖက် ရှည်နေသော ဆွယ်တာကို ဖွါးဖွါး မနှစ်သက်·
လက်ကိုင်ရိုး ချော်ကာ ရှည် ထွက်နေသော ထီးကို မေမေ မလိုချင်·
ရှယ်တူမဟုတ်သော ဖိနပ်တရံကို လည်း ဖေဖေ မနှစ်မြို့



အတာသည် ဦးပေသီးထံ လာခဲ့ပြန်လေသည်
ထူးဆန်းတဲ့ ခဲတံတချောင်း ဆယ်တောင်းခုံးမှ
သို့သော်
အရင်တခါပေးကတည်းက ဒီခဲတံယူပြီး နောက်ထပ်မပေး တော့ဘူးလို့ ပြောလိုက်ပါပြီဘဲ
ဟုတ်ပါတယ် ဘဘကြီးရယ် ဒါပေမယ့် အတာ အဲဒီခဲတံမျိုး သိပ်လိုချင်နေလို့ပါ၊ နောက်ထပ် မတောင်းတော့ပါဘူး
အတာက ဖြစ်ခဲ့သမျှကို မှန်မှန် ပြောပြသောအခါ...
အင်း ကဲ အတာကို ဘဘကြီးတခုပြော မယ်နော်
အတာ့မှာ ပန်းချီဝါသနာပါလို့ပဲ ထူးဆန်းတဲ့ ခဲတံကို အားကိုးမိလို့ ခုလို ဖြစ်ရတာကွဲ့၊ ဒီတော့ ပန်းချီပညာ ကို အရင်သင်ပေးတော့ ဘာကြောင့် အကျိုးရှိလာတာ တွေ့ ရလိမ့်မယ်
အတာသည် ထိုနေ့မှ စ၍ ပန်းချီဆရာတဦးထံ တွင် စနစ်တကျ ပန်းချီ သင်လေတော့သည်။




ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း၊ မြဝတီပုံနှိပ်တိုက် (၁၀၄--၃၂-လမ်း၊ ရန်ကုန်) တွင် အယ်ဒီတာချုပ် ဦးဝင်းမောင် (ထုတ်ဝေသူ မှတ်ပုံတင်အမှတ် ၀၁၁၆၄) က တာဝန်ခံ၍ထုတ်ဝေ၍ အထွေထွေ စီမံခန့်ခွဲရေးမှူး ဦးခင်မောင်ထွန်း၊ ပုံနှိပ်သူမှတ်ပုံတင်အမှတ် ၀၁၀၀၂-က ပုံနှိပ်သည်။ စောင်ရေ ၆၀၀၀၀။



စက္ကူပန်းအိုး
မထူမပါး လျှောက်လွှာစာရွက်အရွယ် စက္ကူတရွက်နဲ့ နံပတ်စဉ်အလိုက်၊ ညွှန်ကြားချက်အတိုင်း လုပ်ကြည့်ပါ။
၁
၂
၃
မူလခေါက်ရိုးများကို ဆွဲထုတ်ပါ
၄
၅
တလက်မ၏ ⅜ ပုံခန့် အထက်အောက် တလှည့်စီ ညီညီချိုးလိုက်ပါ
၆
၇
က၊ ခ၊ ဂ၊ နေရာများကို ခေါက်ရိုးကျအောင် ဖိပေးပါ။
လက်လွှတ်လိုက်လျှင်
၈
မျဉ်းကွေးအတိုင်း ကွေးပေးလိုက်ပြီး အနားနှစ်ဖက်ကို ကော်ကပ်လိုက်ပါ
က လှပသော စက္ကူပန်းအိုး တလုံး ရပေမည်၊ နံပတ်(၂) အဆင့်တွင် စိတ်ကြိုက်ပုံစံ တီထွင်၍ - မီးပုံး၊ မီးအုပ်ဆောင်း၊ ယပ်တောင် စသဖြင့် ပြုလုပ်နိုင်ပါသည်။


ရှင်လိုင်းပြန်
"ကိုရင်လူထွက် ငပိချက်
မလျှောင်လေနှင့် တို့မရှက်။
ဝါတွင်းရက်မှာ သက်န်းရဲ့
ဘုန်းတော်ကြီးရဲ့ ကျောင်းဝိုင်းလုံး။
နေ့ကုန်စာကျက်၊ ညဝတ်တက်
တို့ကိုရင်လေး ပျော်ရွှင်လျက်။
စာတက်စာဖြေ ပညာဖွေ
အာလိပ်မာဆိုး တိုးခဲ့ပေ။
ရွှေငွေတန်ဖိုး မကဖြိုး
ပညာဉာ ကော်ကျိုး ဆတ်ပိုး။
တမိုးကုန်၍ ဝါကျွတ်လျှင်
မီးဖြင့်ဆိုပွဲ ဆွဲပျော်ချင်။
ရှင်လိုင်းပြန်ရင် ပြန်ပါတော့
ဆီးကာကြိုရှေ့..ဆီးကြိုရေး
မီးပွဲစည်လှပေါ့။ "
နုယဉ်
ရေးသည်
၁၉၅၅ ခု အောက်တိုဘာလ
အတွဲ-၁၀. အမှတ်-၁၀ R.497